သပြေကုန်းကျေးရွာ၊ မကျီးကုန်းကျေးရွာအုပ်စု

ရပ်စောက်မြို့နယ်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်(၂၀၂၅-၂၀၂၆)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ

သပြေကုန်းကျေးရွာ၊ **မကျီးကုန်း**ကျေးရွာအုပ်စု၊ ရပ်စောက်မြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၅ ခုနှစ်၊ လ ( )ရက်

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ	
		မှ	ထိ
၁	စကားချီး	၂	၃
၂	ကျေးရွာ၏ သယံဇာတပြဓေပုံ	၄	၄
၃	ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်	၅	၅
၄	ကျေးရွာ၏အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ	၆	၆
အပိုင်း (၁) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ			
၆	တည်နေရာနှင့် ပထဝီအနေအထား	၇	၇
၇	ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ	၇	၇
၈	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	၇	၇
၉	စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ	၇	၈
	(စိုက်ပျိုးရေးသီးနှံ)	၇	၈
	(ခ မွေးမြူရေးလုပ်ငန်း	၈	၈
	(ဂ(ငါးလုပ်ငန်း	၈	၈
	(ဃ(စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၈	၈
	(င(ဘဏ်နှင့် ငွေးကြေးဆိုင်ရာဝန်ဆောင်မှု	၈	၈
၁၀	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	၈	၉
၁၁	ပညာရေး	၉	၉
၁၂	ကျန်းမာရေး	၉	၉
၁၃	ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၉	၉
၁၄	ကျားမရေးရာ	၉	၁၀
၁၅	ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ	၁၀	၁၀
အပိုင်း ၂ စီမံချက်ဆိုင်ရာအချက်အလက်များ			
၁၆	ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	၂၀	၂၀
၁၇	စီမံချက်ဆိုင်ရာ အချက်အလက်များ	၂၁	၂၂
နောက်ဆက်တွဲများ			
၁၈	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ	၂၇	၈၀
၁၉	ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား	၈၁	၈၆

စကားချီး

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်သည် ၂၀၂၅/၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၉/၂၀၃၀ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦး

ဆုံးသော ကျေးရွာလူထုများကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများနှင့် ရန်ပုံငွေပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရပ်စောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ စီမံကိန်းတာဝန်ခံဝန်ထမ်းများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ထပ်ဆင့်ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သော နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်သော နည်းလမ်းကို အသုံးပြု၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အစီအစဉ်ရေးဆွဲနိုင်ရေးအတွက် ကျေးရွာ၏ ဖွံ့ဖြိုးရေးစိတ်ပါဝင်စားပြီး တက်ကြွစွာပူးပေါင်းဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့ဝင်များအားလုံးအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ သင်တန်းတက်ရောက်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များရေးဆွဲရာတွင် အထောက်အပံ့ဖြစ်စေရန် ပါဝင်ကူညီဆောင်ရွက်စေခဲ့ပါသည်။ ဤလုပ်ငန်းစဉ်များကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်းများ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။


ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအခြေအနေများပါဝင်ပြီး၊ အပိုင်း (ခ) သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
သပြေကုန်းကျေးရွာ၊မကျီးကုန်းကျေးရွာအုပ်စု
ရပ်စောက်မြို့နယ်


သပြေကုန်းကျေးရွာ၊ ရပ်စောက်မြို့နယ်၊ သယံဇာတပြမြေပုံ



သပြေကုန်းကျေးရွာ၊ ရပ်စောက်မြို့နယ်၊ ရာသီခွင်ပြ ပြက္ခဒိန်



သပြေကုန်းကျေးရွာ၊ ရပ်စောက်မြို့နယ်၊ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ



ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

(၁) တည်နေရာအနေအထားနှင့် ပထဝီအနေအထား

သပြေကုန်းကျေးရွာသည် ရပ်စောက်မြို့နယ်၏ အနောက်ဘက် (၇)မိုင်ခန့် အကွာတွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် လယ်ယာမြေများရှိပါသည်။ အနောက်ဘက်တွင် မကျီးပင်ကုန်းကျေးရွာနှင့် ရွှေပုဇွန်ကော်ဖီခြံရှိပါသည်။ မြောက်ဘက်တွင် မကျီးကုန်းကျေးရွာ နှင့် တောင်ဘက်တွင် မြောင်းတော်ကျေးရွာတို့တည်ရှိပါသည်။

(၂) ရာသီဥတု နှင့်သဘာဝအရင်းအမြစ်

သပြေကုန်းကျေးရွာ၏ရာသီဥတုမှာ အေးမြစိုစွတ်သောရာသီဥတုဖြစ်ပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာလယ်မြေ(၁၇၈.၈၅)ဧကနှင့် ယာမြေတောင်ယာမြေ(၂၂၄.၉)ဧက၊ ဥယျာဉ်ခြံမြေ (၉၃) ဧက စုစုပေါင်း (၄၉၆.၇၅)ဧက ရှိပါသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။

ကျေးရွာတွင် ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များရှာဖွေတွေ့ရှိခြင်းမရှိပါ။ သစ်တောပြုန်းတီးမှုများလာသောကြောင့် ကျေးရွာတွင် သဘာဝတိရစ္ဆာန်မျိုးစိတ်နှင့် သဘာဝအပင်မျိုးစိတ်များကို ယခင်က တွေ့ရှိရသော်လည်း ယခုအခါမရှိသလောက်ရှားပါးပါသည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

သပြေကုန်းကျေးရွာတွင် ရပ်မိရပ်ဖအဖွဲ့၊ လူငယ်အဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ မီးကော်မတီ၊ ရေကော်မတီ၊ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့နှင့် အမျိုးသမီးအဖွဲ့ စသည်တို့ဖွဲ့စည်းထားရှိပါသည်။ အဖွဲ့အစည်း အားလုံးသည် ဘာသာရေး၊ ပညာရေး၊ သာရေး၊ နာရေး နှင့် ဒေသဖွံ့ဖြိုးရေး စသည့်လူမှုရေးကိစ္စများကို ပူးပေါင်းဆောင်ရွက်ကြပါသည်။ ပညာရေးအကျိုးဆောင်အတွက် ကျေးရွာမှ (၃)ဦးဖြင့် ဖွဲ့စည်းထားပြီး ပညာရေးကိစ္စများကို ဆရာ/ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ကြပါသည်။

(၄) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျေးရွာတွင် အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကိုသာ လုပ်ကိုင်အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ စပါး၊ ပြောင်းနှင့် နှစ်ရှည်ပင်အဖြစ် သရက်ပင်နှင့် နဂါးမောက်ပင်တို့ကို အဓိကစိုက်ပျိုးကြပါသည်။။ ထို့အပြင် ကုန်စုံဆိုင်လုပ်ငန်းရှင်မှာ (၇)ဦးရှိကြပါသည်။ အိမ်ထောင်စုအများစုမှာ ကိုယ်ပိုင်လယ်၊ တောင်ယာ စနစ်စသည်ဖြင့် စိုက်ပျိုးကြပြီး မြေယာမဲ့ မိသားစုတချို့မှာ ကျပန်းလုပ်သားအဖြစ် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းတို့ဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြပါသည်။ လယ်စပါး နှင့် တောင်ယာစပါးကို မိသားစုစားသုံးရန်အတွက်သာ စိုက်ပျိုးကြပါသည်။

ကျေးရွာ၏ အရှေ့ဘက်တွင် မြေပြန့်များသောကြောင့် ပြောင်းသီးနှံကိုသာအဓိကထား စိုက်ပျိုးကြပါသည်။ တခြားအပြင် သရက်နှင့် လယ်/ယာစပါးများကိုလည်းစိုက်ပျိုးကြပါသည်။ ကျေးရွာရှိအိမ်ထောင်စုအများစုမှာ မြေယာပိုင်ဆိုင်မှုများပြီး အိမ်ထောင်စုအနည်းစုမှာ မြေယာမဲ့များဖြစ်ကြပါသည်။ စိုက်ပျိုးတောင်သူများအနေဖြင့် စိုက်ပျိုးစရိတ်ကြီးမြင့်နေခြင်းကြောင့် သဘောရှိစိုက်ပျိုးနိုင်ခြင်းမရှိပါ။ ချောင်းရေကိုသာ အဓိကထား၍ စိုက်ပျိုးကြပါသည်။ စိုက်ပျိုးရာတွင် ရာသီဥတု အခြေ

အနေနှင့် ပိုးမွှားကျရောက်မှုအပေါ် မူတည်ပြီး အထွက်နှုန်းမကောင်းလျှင် ဆုံးရှုံးမှုများဖြစ်ပေါ်တတ်ပါသည်။ ဈေးကောင်းသောအခါတွင်လည်းအမြတ်ရရှိကြပါသည်။ ကျေးရွာတွင် ထွန်စက်ကြီး(၁)စီးရှိပါသည်။ ထွန်စက်ကို တစ်နာရီလျှင်(၈၀၀၀)နှုန်းဖြင့် ငှားရမ်းအသုံးပြုနိုင်ပါသည်။ ကျေးရွာတွင် လက်တွန်းထွန်စက်(၄၁)စင်းရှိပါသည်။ လက်တွန်းထွန်စက်ကို တစ်နာရီလျှင်(၁၅၀၀၀)နှုန်းဖြင့် ငှားရမ်းအသုံးပြုနိုင်ပါသည်။ ကျွဲ၊ နွားများ အနည်းငယ်သာရှိသဖြင့် သဘာဝမြေဩဇာများကို ရပ်စောက်မြို့တွင် ဝယ်ယူရရှိနိုင်ပါသည်။ ဆေးဆိုင်များမှ ရောင်းချသည့် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများကိုသာ အသုံးပြုကြပါသည်။ ရံဖန်ရံခါတွင် ပိုးသတ်ဆေးသုံးသော်လည်း မနိုင်ကြောင်း တွေ့ရှိရပါသည်။ ယခုနှစ်တွင် ရာသီဥတုမမှန်သောကြောင့် အပင်များ လောင်ကျပျက်စီးမှုများရှိပါသည်။ ချေးငွေကို ပွဲစားများထံမှ ချေးယူပြီး အတိုးနှုန်း(၅%)နှုန်းပေးဆောင်ရသည်။ သီးနှံပေါ်ချိန်တွင် ပြန်လည်ပေးဆပ်ရပြီး သီးနှံများဆုံးရှုံးမှုများပေါ်ပါက ပေးဆပ်ရန် အခက်အခဲဖြစ်ကြသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်၍ အခက်အခဲများမရှိပါ။

(ခ) မွေးမြူရေးလုပ်ငန်း

သပြေကုန်းကျေးရွာတွင် ကျွဲ ၊ နွား ၊ ဝက် နှင့် ကြက် စသည့် တိရစ္ဆာန်တို့ကို တစ်ပိုင်တစ်နိုင်မွေးမြူထားကြပါသည်။ စားကျက်မြေ သီးသန့်ထားရှိခြင်းမရှိပါ။ ပြောင်းသီးနှံများကို စိုက်ပျိုးကြသော်လည်း တိရစ္ဆာန်အစာအဖြစ် အသုံးပြုမှုနည်းပါးသည်။ စိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်ကြသောကြောင့် မွေးမြူရေးကို တစ်နိုင်တစ်ပိုင် မွေးမြူကြသည်။ ရေနှင့် မြေနေရာရရှိနိုင်မှုမှာ အသင့်အတင့်သာရှိပါသည်။

(ဂ) ငါးလုပ်ငန်း

ငါးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ခြင်းမရှိပါ။ မွေးမြူရေး လုပ်ကိုင်ဆောင်ရွက်ရန် နည်းပညာဝန်ဆောင်မှုများနှင့် စားကျက်မြေရှားပါမှုမှာ အဓိက အခက်အခဲဖြစ်ပါသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်မှု အားနည်းပါသည်။

(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအပြင် မိသားစု စီးပွားရေးအတွက် အိမ်တွင်း ကုန်စုံဆိုင်လုပ်ငန်း တစ်ပိုင်တစ်နိုင်လုပ်ကိုင်ကြပြီး အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းမရှိပါ။

(ငဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာတွင် ကျေးလက်ဦးစီးဌာနမှ မတည်ပေးထားသော ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရရှိထားသောကြောင့် အခက်အခဲပြေလည်သော်လည်း စိုက်ပျိုးရေးလုပ်ငန်းနှင့် အခြားစီးပွားရေးလုပ်ငန်းများအတွက် အရင်းအနှီးလုံလုံလောက်လောက် လိုအပ်လာသောအခါ သီးနှံပွဲရုံရှိပွဲစားများထံမှ ငွေချေးယူကာ အတိုးနှုန်း(၅%)နှုန်းဖြင့် ချေးယူရပါသည်။ သို့သော် အဆင်မပြေသောအိမ်ထောင်စုများ အနေဖြင့် ကျေးရွာအတွင်းရှိ မိတ်ဆွေ၊ ဆွေမျိုးများထံမှ ချေးငွေအနည်းငယ်ကို ချေးယူကြရသည်။

(၅) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

သပြေကုန်းကျေးရွာတွင် မော်တော်ဆိုင်ကယ်များမှာ အိမ်တိုင်းတွင်ရှိပြီး အဆင်ပြေသော အိမ်ထောင်စုတွင် ထော်လာကျီ၊ ကားများရှိကြပါသည်။ ကျေးရွာချင်းဆက်လမ်းမကြီးမှာ ကတ္တရာလမ်း ဖြစ်ပြီး၊ ရွာတွင်းလမ်းများမှာ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဗြုန်းကျောက် အနည်းငယ်ခင်ထားသော်လည်း တည်ဆောက်သည့် ကာလကြာမြင့်ပြီဖြစ်သောကြောင့် မိုးရာသီတွင် ပျက်စီးမှုများဖြစ်ပေါ်တတ်ပါသည်။ ကျေးရွာ၏ယာခင်းများသို့ သွားရာလမ်းများသည်လည်း မိုးတွင်းကာလတွင် ဗွက်ထသောကြောင့်ပြုပြင်ထိန်းသိမ်းရန်နှင့် အဆင့်မြင့်တင်ပေးရန်လိုအပ်လျက်ရှိပါသည်။

(၆) ပညာရေး

သပြေကုန်းကျေးရွာရှိ လူဦးရေစုစုပေါင်း(၄၁၈)ဦးတွင် ဘွဲ့ရရှိသူ(၁၀)ဦး၊ တက္ကသိုလ်အဆင့် ရှိသူ(၁၉)ဦးသာ ရှိခြင်းကြောင့် ကျေးရွာ၏ ပညာရေး အားနည်းမှုကို ဖော်ပြလျက်ရှိပါသည်။ အလယ်တန်းပညာတက်မြောက်ပြီးလျှင် မိဘလုပ်ငန်းတွင်ဝင်ရောက် လုပ်ကိုင်ကြသူများပါသည်။

ပညာရေးဝန်ထမ်းအနေဖြင့် အစိုးရခန့် ဆရာမ(၆)ဦးရှိပါသည်။ ရွာသူရွာသားများ အားလုံးနီးပါး စာရေးတက်၊ ဖတ်တက်ကြပါသည်။ ယခုအခါတွင် ကျေးရွာ၌ မူလတန်းကိုမဖြစ်မနေ တက်ရောက်ကြသော စနစ်ကိုလည်း လိုက်နာကြပါသည်။ ဒေသတွင်ပညာရေးနှင့် ပတ်သတ်ပြီး အသင့်အတင့်ကောင်းမွန်ပါသည်။ မူလတန်းပညာရေးမှာလည်း ပညာသင်ကြားမှုနှုန်း မြင့်မားလျက်ရှိနေပါသည်။ ကျေးရွာသူ/သားများ၏ အတန်းပညာပြီးမြောက်မှု (စာတတ်မြောက်မှုနှုန်း)အနေဖြင့် အလယ်တန်းအဆင့်ရှိသူများပြားပြီး စာမတတ်သူဦးရေ နည်းပါးပါသည်။

(၇) ကျန်းမာရေး

ကျေးရွာတွင် ယင်လုံအိမ်သာများ သုံးစွဲမှုများသောကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုအချို့တွေ့ရှိရပါသည်။ အခြားရောဂါ ဖြစ်ပွားမှုမှာလည်းနည်းပါးပါသည်။ သားဖွားခြင်း၊ ဖျားနာခြင်းများဖြစ်ပါက ကြာအင်းကျေးရွာရှိ ကျေးလက်ဆေးပေးခန်းသို့ သွားရောက်ကုသကြရပါသည်။ ကျန်းမာရေးဆရာမမှ လစဉ်ကာကွယ်ဆေးထိုးနှံပေးလျက်ရှိပါသည်။ ကျန်းမာရေးဝန်ထမ်းများမှ ကျေးရွာသို့ ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ ပြုလုပ်မှုမရှိသလောက်နည်းပါးပါသည်။ ကျေးရွာတွင် သောက်ရေကို ကျေးရွာပိုင်အဝိစိတွင်းမှ ခပ်ယူကြပြီး သုံးရေကို ဇော်ဂျီချောင်းမှ သွားရောက်ခပ်ယူအသုံးပြုကြပါသည်။ တချို့အိမ်များတွင် လက်တူတွင်းများရှိကြပြီး အဝိစိတွင်းရှိသူ (၉) အိမ်ရှိပါသည်။ နွေရာသီတွင် ချောင်းရေမှ ရေကိုအသုံးပြုကြပါသည်။

(၈) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်ကျင်ထိန်းသိမ်းရေး

သပြေကုန်းကျေးရွာတွင် စွန့်ပစ်အမှိုက်များကို အိမ်တိုင်းတွင် (၃)ပေပတ်လည်ကျင်းဖြင့် စနစ်တကျစွန့်ပစ်ထားပြီး လမ်းထောင့်နေရာများတွင် အမှိုက်အိတ်များထားရှိခြင်းကြောင့် သဘာဝပတ်ဝန်းကျင်မှာ သာယာစိုပြေပါသည်။

(၉) ကျား/မရေးရာ

သပြေကုန်းကျေးရွာတွင် ကျား၊မရေးရာ ဆက်နွယ်မှုအနေအထားမှာ တည်ငြိမ် ကောင်းမွန်ပါသည်။ မိသားစုများတွင် ကျား၊မတို့၏ အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်များအတိုင်း ကျင့်သုံးကြပါသည်။ ကျား၊မ အကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှု ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျ ပြောနိုင်ပါသည်။ ပညာရေးနှင့်

ဆိုင်သောကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းများရှိ ကျား၊မအရေအတွက်မှာ အလွန်ကွာခြားခြင်းမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အလမ်းမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်ပါသည်။ သို့သော်ကျေးရွာတွင် နေ့တွက်လုပ်အားခမှာ အမျိုးသားများက အမျိုးသမီးများထက် ပိုမိုရရှိကြပါသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျော့နည်းပြီး ရရှိပါသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုတို့မှာ အလွန်နည်းပါးလျှက်ရှိသော်လည်း အခြားလူမှုရေးအသင်းအဖွဲ့များတွင် အသင့်အတင့်ပါဝင်ဆောင်ရွက်ကြပါသည်။ ကျား၊မ တန်းတူညီမှုနှင့် ပတ်သတ်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား၊ မ တန်းတူညီမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

(၁၀) ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

သပြေကုန်းကျေးရွာ၏ စီမံချက်အလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုများသည် နှစ်သက်ရာအမှတ်ပေး အဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ခဲ့ကြပါသည်။ တချို့စီမံချက်များ ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာလူထုမှ ဦးစားပေးနှစ်အလိုက် ရွေးချယ်ဖော်ထုတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများကို သက်ဆိုင်ရာ ဦးစီးဌာနများ၏ ဘတ်ဂျတ်များတွင် လျာထားဆောင်ရွက်နိုင်ရေးအတွက် ဌာနနှင့် ကျေးရွာလူထုများမှ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	စီမံချက်အမည်	ဦးစားပေးအဆင့်	၂၀၂၅-၂၀၂၆	၂၀၂၆-၂၀၂၇	၂၀၂၇-၂၀၂၈	၂၀၂၈-၂၀၂၉	၂၀၂၉-၂၀၃၀
၁	ဂါလံ(၃၀၀၀)ဆံ့ရေစုကန်တည်ဆောက်ခြင်းနှင့် ရွာတွင်းဖြန့်ဝေပိုက်လိုင်းသွယ်တန်းခြင်း	၁	√				
၂	ရွာတွင်းလမ်းကျောက်ချောလမ်းခင်းခြင်း	၂		√			
၃	ကျေးရွာအဝင်လမ်းကျောက်ချောလမ်းခင်းခြင်း	၃			√		
၄	စာသင်ကျောင်းဆောင်သစ်တည်ဆောက်ခြင်း	၄				√	
၅	ဆေးပေးခန်းတည်ဆောက်ခြင်း	၅			√		
၆	အားကစားကွင်းတည်ဆောက်ခြင်း	၆					√
၇	ကုန်ထုတ်လမ်းခင်းခြင်း	၇				√	

စဉ်	စီမံချက်အမည်	ဦးစားပေးအဆင့်	၂၀၂၅-၂၀၂၆	၂၀၂၆-၂၀၂၇	၂၀၂၇-၂၀၂၈	၂၀၂၈-၂၀၂၉	၂၀၂၉-၂၀၃၀
၈	ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း	၈		√			

(၁၁) သပြေကုန်းကျေးရွာဦးစားပေးလုပ်ငန်းများ အဆင့်ခွဲခြားသတ်မှတ်ချက်

စဉ်	စီမံချက်အမည်	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၁)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၂)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၃)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၄)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၅)	စုစုပေါင်း	အဆင့်	မှတ်ချက်
၁	ဂါလံ(၃၀၀၀)ဆံ့ရေစုကန်တည်ဆောက်ခြင်းနှင့် ရွာတွင်းဖြန့်ဝေပိုက်လိုင်းသွယ်တန်းခြင်း	၂၀	၂၀	၂၀	၂၀	၂၀	၁၀၀	၁	
၂	ရွာတွင်းလမ်းကျောက်ခဲလမ်းခင်းခြင်း	၁၉	၂၀	၂၀	၁၈	၂၀	၉၇	၂	
၃	ကျေးရွာအဝင်လမ်းကျောက်ခဲလမ်းခင်းခြင်း	၁၉	၁၉	၁၉	၁၉	၁၉	၉၅	၃	
၄	စာသင်ကျောင်းဆောင်သစ်တည်ဆောက်ခြင်း	၁၈	၁၈	၁၉	၁၉	၁၈	၉၂	၄	
၅	ဆေးပေးခန်းတည်ဆောက်ခြင်း	၁၈	၁၈	၁၈	၁၈	၁၈	၉၀	၅	
၆	အားကစားကွင်းတည်ဆောက်ခြင်း	၁၈	၁၈	၁၈	၁၈	၁၇	၈၉	၆	
၇	ကုန်ထုတ်လမ်းခင်းခြင်း	၁၇	၁၇	၁၇	၁၈	၁၈	၈၇	၇	
၈	ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း	၁၇	၁၇	၁၇	၁၇	၁၇	၈၅	၈	

(၁၂) သပြေကုန်းကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီစာရင်း

စဉ်	အမည်	မှတ်ပုံတင်အမှတ်	တာဝန်	မှတ်ချက်
၁	ဦးကောင်းပြည့်ဇော်	၁၃/ရစန(နိုင်)၁၂၀၈၇၀	ဥက္ကဋ္ဌ	
၂	ဒေါ်နှင်းနှင်းထွေး	၁၃/ရစန(နိုင်)၀၇၆၂၉၂	အတွင်းရေးမှူး	
၃	ဦးအောင်ရဲလင်း	-	အဖွဲ့ဝင်	
၄	ဒေါ်ခင်မိုးအေး	၁၃/ရစန(နိုင်)၁၀၃၁၆၀	အဖွဲ့ဝင်	
၅	ဦးဟိန်းမင်းကျော်	၁၃/ရစန(နိုင်)၁၂၁၄၀၁	ဝယ်ယူရေးဆပ်ဥက္ကဋ္ဌ	
၆	ဒေါ်အေးနွယ်	၁၃/ရစန(ပြု)၀၀၁၄၇	ဘဏ္ဍာရေးမှူး	
၇	ဦးထွန်းလင်းမောင်	-	စာရင်းကိုင်	

စီမံချက်ဆိုင်ရာ အချက်အလက်များ
စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ (Project Profile)

ကျေးရွာ	- သပြေကုန်းကျေးရွာ
ကျေးရွာအုပ်စု	- မကျီးကုန်းကျေးရွာအုပ်စု
မြို့နယ်	- ရပ်စောက်မြို့နယ်
တိုင်း/ပြည်နယ်	- ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်
စီမံချက်အမည်	**- ဂါလံ(၃၀၀၀)ဆံ့ရေစုကန်တည်ဆောက်ခြင်းနှင့် ရွာတွင်းဖြန့်ဝေပိုက်လိုင်းသွယ်တန်းခြင်း**

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအန

သောက်သုံးရေရရှိမှု အခက်အခဲရှိခြင်းတို့ကြောင့် ရေစုကန်တည်ဆောက်ခြင်းနှင့် ရွာတွင်းဖြန့်ဝေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းအား ဆောင်ရွက်ရန် လိုအပ်ရခြင်းဖြစ်ပါသည်။

စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

ကျေးရွာ၏ သန့်ရှင်းသော သောက်သုံးရေဖူလုံစေရေးနှင့် လူနေမှုအဆင့်အတန်းများ ပိုမိုမြင့်မားလာစေရန် ရည်ရွယ်ပါသည်။

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီး နောက်ထပ်ဆင့် ရရှိလာမည့် အကျိုးကျေးဇူးများ)

သန့်ရှင်းသော သောက်သုံးရေ သောက်သုံးနိုင်ရေးနှင့် ရေဖူလုံမှုရှိစေခြင်းဖြင့် ကျေးရွာ၏ လူမှုဖွံ့ဖြိုးရေးကိစ္စရပ်များ၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးကဏ္ဍများ တိုးတက်လာစေရန်မျှော်မှန်းပါသည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏ လုပ်ရမည်)

သက်ဆိုင်ရာဦးစီးဌာန၏ ထောက်ပံ့ငွေ၊ နည်းပညာများနှင့် ပူးပေါင်း၍ ကျေးရွာပြည်သူထည့်ဝင်ငွေ၊ အလှူရှင်များ၏ လှူဒါန်းငွေများ၊ ရွာသူ/သားများ၏ လုပ်အားများဖြင့် ပူးပေါင်း၍ သတ်မှတ်ကာလအတွင်း လုပ်ငန်းများအရည်အသွေးပြည့် အောင်မြင်စွာပြီးစီးရေးအတွက် စီမံကိန်းလုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်။

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	**ထည့်ဝင်မည့် အစီအစဉ်**

• ၁၅၀၀၀၀၀/-(ငွေသား) • ၇၉၀၀၀၀၀/-(ငွေသား) • (ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၂၁၂	၂၀၆	၄၁၈	၈	၆၂	၁၉	၁၈	၁၀၇
အကျိုးခံစားမည့်သူ ဦးရေ	**၂၁၂**	**၂၀၆**	**၄၁၈**	**၈**	**၆၂**	**၁၉**	**၁၈**	**၁၀၇**
မှတ်ချက်။ ချောင်လည်အဆင့် - ၁၊ အလယ်အလတ်အဆင့် -၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ - ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)

- ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
- ကျေးရွာလူထု
- ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း - ၃ - ၈ - ၂၀၂၁

(၃) စီမံချက် ပြီးစီးမည့် အချိန် - ၃၀ - ၁၁ - ၂၀၂၁

(၄) ကျေးရွာထည့်ဝင်မှုရရှိအောင် ဆောင်ရွက်မည့်အစီအစဉ် -

ကျေးရွာသူ/သားများ အနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းအား အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ငွေအား/ လုပ်အား/ ကုန်ကြမ်းပစ္စည်းများ ရရှိနိုင်ရေးအတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး/ရွာသူကြီး၊ ဆယ်အိမ်မှူး/ ရာအိမ်မှူးများ၊ ကျေးရွာရပ်မိရပ်ဖများမှ ဦးဆောင်၍ ရွာလုံးကျွတ် အစည်းအဝေးကျင်းပပြုလုပ်ခြင်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာအကူအညီရယူကာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ၊ ရပ်မိရပ်ဖများနှင့် ရွာသူရွာသားများ ပူးပေါင်း၍

လုပ်ငန်းများအချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မှီရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းအကျိုးရှိစွာ လည်ပတ်မှုရှိစေရန်နှင့် ရေရှည်တည်တံ့စေရန် ကျေးရွာကော်မတီမှ တတ်ကျွမ်းနားလည်သူ ရွာသူ/သားများအား စနစ်တကျဖွဲ့စည်းကာ ဆောင်ရွက်စေပါမည်။ လုပ်ငန်းလည်ပတ်နိုင်ရေးနှင့် ရေရှည်တည်တံ့စေရေးအတွက်လိုအပ်သော ရန်ပုံငွေအား လုံလောက်မှုရှိစေရန် ကျေးရွာကော်မတီနှင့် ကျေးရွာလူထု ပူးပေါင်းကာ ကြိုတင်စီမံဆောင်ရွက်ထားပါမည်။

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၁	၂	၃	-	-
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၈	၅	၁၃	-	-
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၇	၁၃	၂၀	-	-
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၂၄	၁၈	၄၂	-	-
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၆၆	၁၆၄	၃၃၀	၁	-
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၆	၄	၁၀	-	-
စုစုပေါင်း		**၂၁၂**	**၂၀၆**	**၄၁၈**	**၁**	**-**
စုစုပေါင်း အိမ်ထောင်စု		**၁၀၇**				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။
မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ ၆၄နှစ်ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှာ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက် အသက်ကြီးသည့်အရွယ်များကို ဆိုလိုသည်။
လေ့လာတွေ့ရှိချက်။ ။ သပြေကုန်းကျေးရွာသည် အိမ်ထောင်စု(၁၀၇)စုရှိပြီး စုစုပေါင်းလူဦးရေမှ (၄၁၈)ဦးရှိပါသည်။ အဆိုပါ လူဦးရေများအနက်မှ အလုပ်လုပ်နိုင်သည့် လူဦးရေ(၂၂၁)ဦးရှိ၍ အသက် (၁၄)နှစ်အောက် (၇၈)ဦးရှိပြီး သက်ကြီးရွယ်အို(၁၀)ဦးရှိကြောင်း တွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းမျိုး	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို ဇယားစာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							

စဉ်	လုပ်ငန်းမျိုး	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်က ိုးသေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင် လုပ်ငန်း	၁၀၇	၂၂၁	၂၂	၁၁၄	၁၀၇	-	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							

စဉ်	လုပ်ငန်းမျိုး	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်က ိုးသေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							

စဉ်	လုပ်ငန်းမျိုး	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							

စဉ်	လုပ်ငန်းမျိုး	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☑ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းမျိုး	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁၇	**ပညာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမဘား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့်☐
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမဘား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့်☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမဘား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့်☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							
	အလုပ်သမဘား / ကျပန်း / ရာသီအလိုက်							☒

စဉ်	လုပ်ငန်းမျ ေား	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင် ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်က ိုးသေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ် ထောင် စု	မိ သားစု ဝင် လုပ် အား	အမျိုး သမီး ဦးဆောင် သည့်အိမ် ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမ ေား							
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမ ေား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း							☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”အရေအတွက်တွင်“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ “ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)” ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ -“စိုက်ပျိုးရေး” ကဏ္ဍ၏ “ကိုယ်ပိုင်လုပ်ငန်း”တွင်ရပ်တည်နိုင်မှု “မြင့်” ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့် အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ သပြေကုန်းကျေးရွာ၏ အိမ်ထောင်စုပေါင်း(၁၀၇)သည် စိုက်ပျိုးရေး လုပ်ငန်းကို တစ်နှစ်ပတ်လုံး အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ပြင်ပသို့ သွားရောက်လုပ်ကိုင်သည့် အိမ်ထောင်စုမှာ(၂၃)စု၊ ဦးရေ(၂၇)ဦးရှိပါသည်။ အခြားဝင်ငွေရလုပ်ငန်းလုပ်ကိုင်သူ (၃)ဦးရှိပြီး အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုမှာ(၂၂)စုရှိကြောင်း တွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၂၀၀၀	၈၀၀၀	၁၀၀၀၀	၈၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၂၅၀၀၀	-	၂၀၀၀၀	-
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းအဓိကလုပ်ကိုင်ကြသဖြင့် ကျား/မ လုပ်အားခများ ပေးချေရာတွင် ယောက်ကျားလေးလုပ်အားခမှာ မိန်းကလေးလုပ်အားခထက်ပိုများကြောင်းတွေ့ရှိရပါသည်။

(၈) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၁၇၈.၈၅	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၂၂၄.၉	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	၉၃	ကောင်း ☐	သင့်☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ(ကျွန်းမျွေ	-	ကောင်း ☐	သင့်☐	ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
၁)				
ခနိုတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်	-	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၄၉၆.၇၅	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းသာ အဓိကထားလုပ်ကိုင်ကြသဖြင့် စိုက်ပျိုးမြေဧက များစွာပိုင်ဆိုင်ထားသည့် ကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာမှအိမ်ထောင်စုအများစုသည် လယ်မြေနှင့် တောင်ယာမြေများ အများစုပိုင်ဆိုင်ပြီး အခြားသော မြေလွတ်မြေရိုင်းများ ပိုင်ဆိုင်သူမရှိကြောင်း တွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☐မရှိ ☑	လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☐
သဘာဝအပင်မျိုးစိတ်မျ ၁း (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☐မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐မရှိ ☑	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေပေါ်ရေ (အင်းအိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☑ သင့်☐ နည်း ☐ မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☑ သင့် ☐ နည်း ☐ မရှိ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐တိုး ☐ အပြောင်းအလဲမရှိ ☑
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ အခြားသော သဘာဝအရင်းအမြစ်ဖြစ်သော ဆေးဘက်ဝင်အပင်များ၊ တောရိုင်းတိရစ္ဆာန်မျိုးစိတ်များ မရှိကြောင်းတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုန	များ	အသင့်အတင့်	နည်း	မရှိ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
ှင့်ဆိုင်သောပိုင်ဆိုင်မှု				
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၈	၆၂	၁၉	၁၈

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။
လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ အိမ်ထောင်စုများအား ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် အဆင်ပြေသောအိမ်ထောင်စု(၈)စု၊ အလယ်အလတ်ရှိသောအိမ်ထောင်စု(၆၂)စုနှင့် မပြေလည်သော အိမ်ထောင်စု (၁၉)စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စု(၁၈)စု တွေ့ရှိရပြီး မပြေလည်သော အိမ်ထောင်စု အဆင့်(၃)နှင့် (၄)သည် စုစုပေါင်း(၃၇)စုရှိကြောင်း တွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက် ဝမ်းစာဖူလုံမှု	၁၂	-	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၁၂ လုပ်အားခကြိုယူ = ၀
၃လနှင့်ဖြလကြာဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
ဖြလမှ၁၂လအထိ ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
			ချေးယူ =၇၇ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဥစ္စာဓနအဆင့်(၃)မှ အိမ်ထောင်စု(၁၉)စုရှိပြီး၊ ဥစ္စာဓနအဆင့်(၄)မှာ အိမ်ထောင်စု (၁၈)စုရှိပါသည်။ ကျေးရွာတွင် ဝမ်းစာဖူလုံမှုအခြေအနေ စစ်တမ်းကောက်ယူရာတွင် အဆိုပါ ဥစ္စဓန အဆင့်(၃)နှင့်(၄)ရှိ အိမ်ထောင်စုများသည် ဝမ်းစာဖူလုံရေး အတွက် အများစုသည် ချေးယူခြင်းထံမှ အထောက်အပံ့များ ရယူကြသည်ကို တွေ့ရှိရပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ဖြစ်နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	-		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုမရှိကြောင်း တွေ့ရှိရပါသည်။

(၄-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား(၉)

ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	✓			✓		
၂	လျှပ်တပြတ်ရေကြီးခြင်း	✓			✓		
၃	မုန်တိုင်းဒီရေ	✓			✓		
၄	ဆူနာမီ	✓			✓		
၅	တိုင်ဖုန်းမုန်တိုင်း	✓			✓		
၆	လေဆင်နာမောင်း	✓			✓		
၇	ငလျင်		✓		✓		
၈	အပူလှိုင်း		✓		✓		
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	✓			✓		
၁၀	အအေးလှိုင်း		✓		✓		
၁၁	မိုးသီးကြွေကျမှု	✓			✓		
၁၂	မိုးခေါင်ခြင်း		✓		✓		
၁၃	တောမီးလောင်ခြင်း	✓			✓		
၁၄	မြစ်ကမ်းပါးပြိုခြင်း	✓			✓		
၁၅	ကမ်းရိုးတန်းတိုက်စားမှု	✓			✓		
၁၆	မြေပြိုခြင်း	✓			✓		
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု	✓			✓		
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	✓			✓		
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း	✓			✓		
၂၀	သစ်တောပြုန်းတီးခြင်း	✓			✓		
၂၁	ငှက်ဖျားရောဂါ	✓			✓		
၂၂	တီဘီရောဂါ	✓			✓		
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	✓			✓		
၂၄	ကပ်ရောဂါ		✓		✓		
၂၅	ပြည်တွင်းပဋိပက္ခ		✓		✓		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	✓			✓		
၂၇	လူကုန်ကူးခြင်း	✓			✓		
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ် ရေးခက်ခဲခြင်းစသည်	✓			✓		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု၊ လူငယ်အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူ/ရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက် သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။အိမ်ထောင်စု ၁၀၀တွင် ၂၅အိမ်ထောင်စုအောက် – နိမ့်

အိမ်ထောင် စု၁၀၀တွင် ၂၅မှ၅၀အိမ်ထောင်စု – လတ်၊ အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သဘာဝရင်းမြစ်ရှားပါးမှုဘေးအန္တရာယ်များသည် ကျေးရွာအပေါ် ထိခိုက်သက်ရောက်နိုင်မှုအနည်းငယ်ရှိပြီး မိုးခေါင်းခြင်းနှင့်ပတ်သက်၍ ကျေးရွာတွင် နှစ်စဉ်ကြုံတွေ့နေရပါသည်။ အခြား ရာသီတုပ်ကွေးကူးစက်ရောဂါသည် အနည်းငယ် ဖြစ်ပွားမှုရှိပါသည်။ ထိခိုက်သက်ရောက်မှုများအား ဘေးအန္တရာယ်လျော့ချရေးနှင့် လိုက်လျောညီထွေဖြစ်အောင် အစီအမံများချမှတ်၍ စွမ်းဆောင်နိုင်မှုမှာ အတင့်တင့် အနေအထားရှိပါသည်။

(c-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဧယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	✓			✓		
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု	✓			✓		
၃	ဆင်းရဲသားတောင်သူ	✓			✓		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေ မည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	✓			✓		
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	✓			✓		
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ	✓			✓		
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	✓			✓		
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	✓			✓		
၉	ငါးကန်ပိုင်ရှင်များ	✓			✓		
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	✓				✓	
၁၁	လူနည်းစုလူမျိုးများ	✓			✓		
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	✓			✓		
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	✓			✓		
၁၄	ရွှေတွင်းလုပ်သားများ	✓			✓		
၁၅	လှည့်လည်သွားလာ၍စျေးရောင်းသူများ	✓			✓		
၁၆	နေရပ်ပြန်အခြေချသူများ	✓			✓		
၁၇	ရွှေ့ပြောင်းလုပ်သားများ	✓			✓		
၁၈	ကားမောင်းပြီးအသက်မွေးသူများ	✓			✓		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြ ပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက လူငယ်၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု၊ ဆင်းရဲသောတောင်သူများနှင့် လက်လုပ်လက်စားများ/

ကျပန်းများအုပ်စုသည် ထိခိုက်သက်ရောက်မှု (နိမ့်)အဆင့်သာခံရနိုင်သည့်အုပ်စုဖြစ်ပါသည်။ ထိခိုက်သက်ရောက်မှုများအား ဘေးအန္တရာယ်လျော့ချရေးနှင့် လိုက်လျောညီထွေဖြစ်အောင် အစီအမံများချမှတ်၍ စွမ်းဆောင်နိုင်မှုမှာ (နိမ့်)အနေအထားရှိသည်ကို တွေ့ရှိရပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်မိရပ်ဖအဖွဲ့	၁☐၂☑၃☐	၁၀	၅	၁၅	ပညာရေး☑ ငွေကြေး☑ ကျန်းမာရေး☑ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☐ သင့်☑ ညံ့☐
၂	ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ	၁☑၂☐၃☐	၄	၃	၇	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☑ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☑ သင့်☐ ညံ့☐
၃	ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီ	၁☑၂☐၃☐	၄	၃	၇	ပညာရေး☐ငွေကြေး☑ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊☐ လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☑ သင့်☐ ညံ့☐
၄	ရေကော်မတီ	၁☐၂☑၃☐	၈	၃	၁၁	ပညာရေး☑ငွေကြေး☐ ကျန်းမာရေး☑ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑	ကောင်း☐ သင့်☑ ညံ့☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
						လုံခြုံရေးနှင့်ကာကွယ်ရေး☐	
၅	မီးကော်မတီ	၁☐/☑၃☐	၆	-	၆	ပညာရေး☑ငွေကြေး☐ ကျန်းမာရေး☑ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☑ သင့်☐ ညံ့☐
၆	ကျောင်းကော်မတီ	၁☐/☑၃☐	၃	-	၃	ပညာရေး☑ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐
၇	အမျိုးသားလူငယ်အဖွဲ့	၁☐/☑၃☐	၁၂	-	၁၂	ပညာရေး☑ငွေကြေး☐ ကျန်းမာရေး☑ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☐ သင့်☑ ညံ့☐
၈	အမျိုးသမီးအဖွဲ့	၁☐/☑၃☐	-	၈	၈	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။
အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး/ဘာသာရေးနှင့် သာရေး/နာရေး ကိစ္စအဝဝကို ဆောင်ရွက်ရန် ဖွဲ့စည်းထားသည့် အစုအဖွဲ့/ အသင်းအဖွဲ့(၈)ဖွဲ့ ရှိပါသည်။ ကျေးရွာတွင်းရှိ အဖွဲ့အစည်း/ ကော်မတီအသီးသီးတို့မှ ကဏ္ဍအလိုက်ဦးဆောင်၍ လမ်းညွှန်ဆောင်ရွက်ကြပါသည်။ ထို့အပြင် ကျေးရွာတွင်းရှိအဖွဲ့များသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက်ဆောင်ရွက်မှုအားကောင်းလျက်ရှိပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	ကျေလက်ဦးစီးဌာန	၁☐၂☐၃☐၄☑၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑
၂	-	၁☐၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၃	-	၁☐၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၄	-	၁☐၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၅	-	၁☐၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၆	-	၁☐၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်မျာားနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
			စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။
မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာ-ကုလသမဂ္ဂအဖွဲ့ ၊ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန် အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ(ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါ ယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်း ရောင်စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော် ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျေးလက်ဦးစီးဌာနမှ ချေးပေးသော ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းချေးငွေမှ ချေးယူပါသည်။ ကျေးလက်ဦးစီးဌာနမှ (VDP)စီမံကိန်းဆောင်ရွက်လျက်ရှိသည့်အပြင် အခြားသော နိုင်ငံတော်အစိုးရဌာနဖြစ်သော ထွေအုပ် ၊ ကျေးလက်၊ EPC၊ ကျန်းမာရေး၊ ပညာရေး စသည့် ဦးစီးဌာနများနှင့်လည်း ချိတ်ဆက်မှုရှိပါသည်။ ကျေးရွာအနေဖြင့် ကျေးရွာပြင်ပ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်း လက်လှမ်းမီမှုရှိပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၁၅	၄	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၂၆	၆	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၁၈	၅	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၄၅	၇	တောင်သူလတ်
၅	၁၂.၅ဧကအထက်	၂	-	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၁၀၇	၂၂	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။
လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို အသက်မွေးဝမ်းကျောင်းပြုကြသည့် ကျေးရွာဖြစ်သဖြင့် အိမ်ထောင်စု(၉၂)စုလုံးသည် မြေယာများပိုင်ဆိုင်ကြပါသည်။ မြေယာမဲ့ အိမ်ထောင်စု(၁၅)စုရှိပါသည်။ ၎င်းတို့သည် လက်လုပ်လက်စား/ကျပန်းများ လုပ်ကိုင်ကြပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု(ရှိ/မရှိ)(မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၅	အဝီစိတွင်း	-	တစ်နှစ်ပတ်လုံး□ရ	ရှိ□မရှိ□မဖြေဆိ	လျော့□တိုး□

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု(ရှိ/မရှိ)(မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
			ာသီအလိုက်□ မဖြေဆိုပါ□	ုပါ□	အပြောင်းအလဲမရှိ□
၆	လက်ငင်းရေတွင်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၈	ချောင်းရေ	၁၇၈.၈၅	တစ်နှစ်ပတ်လုံး☑ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ☑မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ☑

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် တစ်နှစ်ပတ်လုံး ချောင်းရေကိုသာအသုံးပြုကြပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဧယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက်(မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
စပါး	၁၇၈.၈၅	၁ ဧက	၃၀ တင်	၂၀ တင်	၂၅ တင်	၇ လ	၁၀ လ	မြင့်☑လတ်□နိမ့်□	မြင့်□လတ်☑ နိမ့်□	မြင့်□လတ်☑ နိမ့်□
ပြောင်း	၂၂၄.၉	၁ ဧက	၁၆၀၀ ပိဿာ	၈၀၀ ပိဿာ	၁၀၀၀ ပိဿာ	၅ လ	၁၀ လ	မြင့်☑လတ်□နိမ့်□	မြင့်□လတ်☑ နိမ့်□	မြင့်□လတ်☑ နိမ့်□
သရက်	၉၁	၁ ဧက	၂၀၀ တာ	၈၀ တာ	၁၂၀ တာ	၇ လ	၉ လ	မြင့်☑လတ်□နိမ့်□	မြင့်□လတ်□နိမ့်☑	မြင့်☑လတ်□ နိမ့်□
နဂါး	၂	၁	၆၀၀	၃၅၀	၄၀၀	၅	၁၂	မြင့်□လတ်	မြင့်□လတ်	မြင့်□လတ်☑

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
မောက်		ကေ	ဖာ	ဖာ	ဖာ	လ	လ	☑နိမ့်☐	☑နိမ့်☐	နိမ့်☐
								မြင့်☐လတ်☐နိမ့်☐	မြင့်☐လတ်☐ နိမ့်☐	မြင့်☐လတ်☐ နိမ့်☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စပါး၊ ပြောင်း၊ သရက်နှင့် နဂါးမောက်စသည်တို့ အဓိကစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြပြီး စိုက်ပျိုးသီးနှံများ၏ အထွက်နှုန်းမှာ ပြောင်းလဲမှုရှိပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူ အရေအတွက်
ထွန်စက်	၁	-	-	-
လက်တွန်းထွန်စက်	၄၁	-	-	-
အစေ့ချကိရိယာ	-	-	-	-
ရိတ်သိမ်းခြွေလှေ့စက်	-	-	-	-
ရိတ်သိမ်းစက်	-	-	-	-
ခြွေလှေ့စက်	-	-	-	-
ရေစုပ်စက်	၄	-	-	-
ခြေနင်းရေတင်စက်	-	-	-	-
မြက်ရိတ်စက်	၂၈	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများရှိသဖြင့် စိုက်ပျိုးရေးသုံးခေတ်မီစက်ကိရိယာများပိုင်ဆိုင်မှုနည်းပါးပါသည်။ ငှားရမ်းလုပ်ကိုင်သူ တောင်သူ (၅၀)ဦးရှိကြောင်းတွေ့ရှိရပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား၁၇နှင့်၁၈ကို ချိတ်ဆက်စစ်ဆေးပြီး မှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း☐ကောင်း☑ သင့်တင့်မျှတ☐ မဖြေဆိုပါ☐
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း☐ကောင်း☑ သင့်တင့်မျှတ☐ မဖြေဆိုပါ☐
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ☑ အသင့်အတင့်ရှိ☐ မဖြေဆိုပါ☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်☑ ရသည်☐ ဖြေဆိုပါ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☑ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☐ မဖြေဆိုပါ☐
သဘာဝမြေဆွေး/အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☑ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ☐
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☑ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်☐ရနိုင်သည်☑မဖြေဆိုပါ☐ သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာ ရောင်းချနိုင်သည်။
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ☑
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာ ရောင်းချနိုင်သည်☐ သီးနှံများကိုရောင်းချနိုင်သည်☑ မဖြေဆိုပါ☐
ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊ မိုးရေချိန်)	ထိခိုက်သည်☑ မထိခိုက်ပါ ☐ မဖြေဆိုပါ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

